ကင်မွန်းတော်ကျေးရွာ

ကင်မွန်းတော်ကျေးရွာအုပ်စု၊ ချောင်ဦးမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကင်မွန်းတော်ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ချောင်းဦးမြို့နယ်၏
အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၃

ကင်မွန်းတော်ကျေးရွာသယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြကွဒိန် ၄

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၅

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာနှင့်ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၆

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၆

(က) စီးပွားရေးအခြေအနေ

(ခ) စိုက်ပျိုးနိုင်သည့်မြေဧရိယာ

(ဂ) အဓိကသီးနှံများနှင့်အထွက်နှုန်း

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

(c) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

၅။ အခြေခံအဆောင်အဦးနှင့်ဝန်ဆောင်မှုများ ၇

(က) ကုန်စည်နှင့်ဝန်ဆောင်မှု ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

(ခ) လမ်း၊တံတား၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့်သတင်း

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
၈

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး
၈

၉။ ကျား-မ ရေးရာ
၉

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၀

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား
၁၂-၁၄

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ ၁၅

ကော်မတီဝင်များစာရင်း
၁၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/ ကျေးရွာသားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦး အနေဖြင့်စီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်း ရွေးချယ်ပေးခဲ့ကြပါသော လွှတ်တော်ကိုယ်စားများ အသီးသီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နှင့် ကော်မတီဝင် များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များ နှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့်နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ဦးဆောင်၍ သင်တန်းပို့ချ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များ နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အကူအညီရယူရန် လိုအပ်ကြောင်း ကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကဖော်ပြထားပြီးအပိုင်း(၂)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ကင်မွန်းတော်ကျေးရွာ၊


ချောင်းဦးမြို့နယ်

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ( )ရက်

ကင်မွန်းတော်ကျေးရွာ သယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်





အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

(က) နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲ ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက် များရယူရန် နှင့် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေး နှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေ ရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များ နှင့် အဟန့်အတား ဖြစ်စေသော အချက်များအပေါ် အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့် စီမံချက်များကိုဖော်ထုတ်၍ အစိုးရ ဌာနများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ သတင်း နှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

(ခ) ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ကင်မွန်းတော်ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကင်မွန်းတော်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်း ချောင်းဦးမြို့၏ အနောက်မြောက်ဘက် (၃/၄) မိုင်အကွာ ချောင်းဦး-အမြင့်လမ်းမကြီးဘေးတွင်တည်ရှိပြီး သွားလာဆက်သွယ်ရေး လွယ်ကူပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး မြစ်ရေဝင်ရောက်ပြီး နှံးတင်မြေနု လယ်မြေများတွင်မြေအောက်ရေ ကို စိုက်ပျိုးရေးအဖြစ် လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်များ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရေချိန် လက်မ(၃၀) နှင့် လက်မ(၄၀) ကြားရှိပါသည်။ စိုက်ပျိုးမြေကော (၆၄၄.၁၈)ဧက ခန့်ရှိပြီး စပါး၊ ကုလားပဲ၊ နှမ်း၊ဂျုံ၊ခရမ်းချဉ်နှင့် ပဲတီစိမ်း သီးနှံများ အဓိကစိုက်ပျိုးပါသည်။ သဘာဝပေါက်ပင်များမှာ တမာ၊မန်ကျည်း၊ ထန်းပင်၊ ထနောင်း၊ ဆူးဖြူပင်များ ပေါက်ရောက်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ် ရရှိနိုင်မှုနည်းပါးပြီး၊ အဓိကခိုင်းနွားနှင့် ကျွဲတိရစ္ဆာန်များ အတွက် အစာများဖြစ်သည့် ကောက်ရိုး၊ မြက်တို့ကို လွယ်ကူစွာ ရရှိနိုင်၍ စားကျက်မြေ သီးသန့်မရှိပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်အတွေ့ရများသော အပင်များသာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုဝင်ပေါင်း(၃၇၁)ရှိပြီး၊ စုစုပေါင်းလူဦးရေ(၁၈၃၄)ဦး၊ကျား(၈၉၃)ဦး၊မ(၉၄၁)ဦး မှီတင်းနေထိုင်ကြပါသည်။

ကျေးရွာရှိလူဦးရေတွင်အလုပ်လုပ်နိုင်သူအသက်(၁၅)နှစ်မှ(၆၄)နှစ်အတွင်း လူဦးရေ (၁၃၅၁)ဦးရှိပါသည်။

(ခ) စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၆)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့ ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနက်အမျိုးသမီးရေးရာအဖွဲ့နှင့် ကာလသားအဖွဲ့များမှကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ
လှုပ်ရှားဆောင်ရွက်မှုများရှိပြီး၊ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ၂၄နာရီ ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။ ကျေးရွာ၏ လူမှုရေး၊ ဘာသာရေးကိစ္စတို့တွင်လည်း ချက်ပြုတ် ကျွေးမွေးရေး လုပ်ငန်းများကို တာဝန်ခွဲဝေ ဆောင်ရွက်ကြသည်။ ၎င်းအပြင် လူငယ်အဖွဲ့ အနေဖြင့် ကျေးရွာ၏ စိုက်ပျိုးရေး၊ စီးပွါးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ချေးငွေရရှိရေး ဆောင်ရွက် ပေးခြင်း များရှိပြီး၊ ကျေးရွာသူ/ကျေးရွာသားများ မှာလည်း ညီညွတ်စွာပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) စီးပွားရေးအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံးရှိအိမ်ထောင်စု တစ်ဝက်သာ ဝင်ငွေ အနေအထား မှာ ကောင်းမွန်ပါသည်။ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၅၂%)သည် အလွန်မပြေလည် သောအိမ်ထောင်စုများဖြစ်ကြပြီး၊(၂၃%)သည် မပြေလည်သော အိမ်ထောင်စု(၂၂%)သည် အလယ်အလတ် ရှိသော အိမ်ထောင်စု နှင့် (၃%)သောအိမ်ထောင်စုသည် အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။
အလွန်မပြေလည်သောအိမ်ထောင်စုများသည်မြေယာမဲ့များဖြစ်ပြီး၊ လက်လုပ်လက်စားများသာ ဖြစ်ကြပါသည်။

(ခ) စိုက်ပျိုးနိုင်သည့် မြေဧရိယာ

ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာများ လက်လှမ်းမီမှု၊ မြေအောက် ရေတို့ဖြင့်စိုက်ပျိုးနိုင်မှုကြောင့်စိုက်ပျိုးရေးအနေအထားအသင့်အတင့်ရှိပါသည်။ ကျေးရွာ တွင် စိုက်ပျိုးနိုင်သော လယ်ယာမြေဧကပေါင်း(၆၄၄.၁၈)ရှိပြီး၊ စပါး၊ ကုလားပဲ၊ နှမ်း၊ကျုံ၊ ခရမ်းချဉ်နှင့် ပဲတီစိမ်း သီးနှံများ စိုက်ပျိုး ကြပါသည်။

(ဂ) အဓိကသီးနှံများနှင့် အထွက်နှုန်း

ကင်မွန်းတော်ကျေးရွာ၏ အဓိကသီးနှံများမှာ စပါး၊ ကုလားပဲ၊ နှမ်း၊ကျုံ၊ ခရမ်းချဉ်နှင့် ပဲတီစိမ်းသီးနှံ စိုက်ပျိုးခြင်းများ လုပ်ကိုင် ကြပါသည်။ အဓိက စပါးမှာ တစ်ဧကလျှင် အနည်းဆုံး(၄၀)တင်း၊ အများဆုံး(၈၀)တင်းနှင့် ပျှမ်းမျှ (၆၀)တင်းထွက်ရှိသည်။ ကုလားပဲ တစ်ဧကလျှင် အနည်းဆုံး (၈)တင်း၊ အများဆုံး(၂၀)တင်းနှင့် ပျှမ်းမျှ(၁၄)တင်း ထွက်ရှိပါသည်။နှမ်းတစ်ဧကလျှင် အနည်းဆုံး(၄)တင်း၊ အများဆုံး (၁၀)တင်းနှင့် ပျှမ်းမျှ(၇)တင်းထွက်ရှိပါသည်။ ကျုံတစ်ဧကလျှင် အနည်းဆုံး(၂၀)တင်း၊ အများဆုံး (၄၀)တင်းနှင့် ပျှမ်းမျှ(၃၀)တင်းထွက်ရှိပါသည်။ ပဲတီစိမ်းတစ်ဧကလျှင် အနည်းဆုံး(၁၀)တင်း၊ အများဆုံး (၂၀)တင်းနှင့် ပျှမ်းမျှ(၁၅)တင်းထွက်ရှိပါသည်။ ခရမ်းချဉ်တစ်ဧကလျှင် အနည်းဆုံး(၃၀၀၀)ပိဿာ၊ အများဆုံး (၉၀၀၀)ပိဿာနှင့် ပျှမ်းမျှ(၆၀၀၀)ပိဿာထွက်ရှိပါသည်။

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ကင်မွန်းတော်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း အနေဖြင့် ဝက်၊ ကြက် နှင့် ဘဲ တို့ကို တပိုင်တနိုင် မွေးမြူ ကြပြီး နွားနှင့်ကျွဲတိရစ္ဆာန်များကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ခိုင်းစေရန် အဓိကထား မွေးမြူကြ သည်။ ငါးဖမ်း လုပ်ငန်း လုပ်ကိုင်ခြင်းမရှိကြပါ။

(င) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွါးရေးလုပ်ငန်းများ

ကင်မွန်းတော်ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ်
စိုက်ပျိုးရေးနေ့စားလုပ်သားများ၊လက်သမား၊ပန်းရံလုပ်သားများ၊ဈေးဆိုင်နှင့် အစိုးရဝန်ထမ်းတို့ ဖြစ်ကြသည်။ လက်သမား၊ပန်းရံလုပ်ကိုင်သော အိမ်ထောင်စု (၁၅)စု၊ မိသားစုဝင်(၁၅)ဦးဖြင့်လည်းကောင်း၊ ဈေးဆိုင် လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု(၂၇)စုရှိပြီး၊ မိသားစုဝင်(၂၇)ဦးဖြင့်ရှိကြပြီး ရပ်တည်နိုင်မှုအနေဖြင့် နိမ့်ကြပါသည်။။ ပညာရေးနှင့် ကျန်းမာရေး ဝန်ထမ်း(၁၃)ဦးရှိပြီး၊ ရပ်တည်နိုင်မှုအနေဖြင့် အလယ်အလတ် အဆင့်တွင်ရှိပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှုအခြေအနေ

ကင်မွန်းတော်ကျေးရွာသည် ချောင်းဦး-အမြင့်လမ်းဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အသင့် အတင့် ကောင်းမွန်ပါသည်။ ကင်မွန်းတော်ကျေးရွာ နှင့် အနီးဆုံးဈေးမှာ(၃/၄)မိုင်ခန့်ဝေးသည့် ချောင်းဦးဈေး ဖြစ်ပြီးစားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများအားလုံး အလွယ်တကူနှင့် ဝယ်ယူရရှိနိုင် ပါသည်။ အကြီးစား ဈေးကွက်ဖြစ်သည့် မုံရွာဈေးသို့ လွယ်ကူစွာသွားလာနိုင်ပါသဖြင့် ဈေးကွက် ဝန်ဆောင်မှု ကောင်းမွန်ပါသည်။

(ခ) လမ်း၊တံတား၊သယ်ယူပို့ဆောင်ရေး၊လျှပ်စစ်မီး၊ဆက်သွယ်ရေးနှင့်သတင်း

ကင်မွန်းတော်ကျေးရွာ၏ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး၊ မိုးရာသီတွင် သွားလာရ ခက်ခဲပါသဖြင့် လမ်းအဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး (၂၃၄)စီး၊ မော်တော် ဆိုင်ကယ်(၄၁၀)စီး၊သုံးဘီးဆိုင်ကယ် (၄)စီး၊ ထော်လာကျီ(၁၇)စီး၊ ကား(၁၁)စီး နှင့် နွားလှည်း (၇၆)စီး အသုံးပြုလျက် ရှိပါသည်။

မဟာဓါတ်အားလိုင်း သွယ်တန်းရရှိပြီးဖြစ်သဖြင့် လျှပ်စစ်မီးအသုံးပြုသော အိမ်ထောင်စု (၁၇၃)ရှိပြီး တစ်အိမ်သုံးဆိုလာစနစ်ကို အသုံးပြုသော အိမ်ထောင်စုမှာ (၁၃၆)ရှိပြီး၊ အသုံးမပြုနိုင်သောအိမ်ထောင်စုမှာ (၆၂)ရှိပါသည်။ ကျေးရွာရှိ အိမ်တိုင်းသည်လက်ကိုင်ဖုန်းများအသုံးပြုနေကြပြီးဖြစ်ပါသည်။ အင်တာနက် အသုံးပြုနိုင်မှုရှိပြီးအခြားသတင်း အချက်အလက်များအတွက် ရေဒီယို၊ တီဗွီ၊ စလောင်းများ တပ်ဆင်ထား သဖြင့် ဆက်သွယ်ရေး ကောင်းမွန် ပါသည်။

၆။ ပညာရေး

ကင်မွန်းတော်ကျေးရွာတွင် မူလတန်းကျောင်းသားပေါင်း(၁၃၉)ဦး၊ အလယ်တန်း ကျောင်းသား ပေါင်း(၉၆)ဦး၊ အထက်တန်း ကျောင်းသား(၄၂)ဦးနှင့်တက္ကသိုလ်၊ ကောလိပ်ကျောင်းသား (၁၉)ဦးရှိပြီး၊ မူလတန်းနှင့် အလယ်တန်း ကျောင်းသူ/ကျောင်းသားများမှာ ကျေးရွာရှိ အလယ်တန်း ကျောင်းတွင် တက်ရောက်ပြီး အထက်တန်း ကျောင်းသူ/သားများမှာ ချောင်းဦးအ.ထ.က ကျောင်း သို့ တက်ရောက် ကြပါသည်။

ကျေးရွာတွင် စာသင်ကျောင်းဆောင်(၃)ဆောင်ရှိပြီး အကျယ်အဝန်းမှာ (၉၅၄၀ စတုရန်းပေ) ရှိပါသည်။ ကျောင်းဆောင်များမှာ အရည်အသွေးအသင့်တင့်ကောင်းမွန်ပါသည်။ ကျောင်းတွင် ဆရာ/ဆရာမ စုစုပေါင်း (၁၂)ဦး ရှိပြီး အင်အားလုံလောက်မှုရှိပါသည်။ တက္ကသိုလ်ကျောင်းသား/ ကျောင်းသူများမှာ မုံရွာတက္ကသိုလ်သို့ သွားရောက် တက်ရောက်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကင်မွန်းတော်ကျေးရွာအနေဖြင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ဝမ်းပျက်ဝမ်းလျော ရောဂါ၊သွေးလွန် တုပ်ကွေး ရောဂါများ ဖြစ်ပွားတတ်ပြီး၊ အသက်(၄၀)ကျော် လူကြီးများမှာ သွေးတိုးရောဂါ ဖြစ်ပွားမှု များပါသည်။ အခြား ရောဂါများ ဖြစ်သော အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ အသည်းရောဂါ (ဘီ၊စီ)၊ HIV,AIDS ရောဂါများ၊ အခြားကူးစက်ရောဂါများ မတွေ့ရှိရပါ။

ကျန်းမာရေးဝန်ဆောင်မှု အနေဖြင့် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပြီး ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးငယ်များအတွက် လစဉ် ပုံမှန် ကာကွယ်ဆေး ထိုးနှံပေးလျက် ရှိပါသည်။ အရေးပေါ် အခြေအနေဖြစ်ပါက အမြင့်တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။

သောက်သုံးရေအတွက် မြေအောက်ရေ၊ အဝီစိစက်တပ်၊ တုံကင်တွင်းများ၊ မိုးရေလှောင်ကန်များ အသုံးပြု ကြပါသည်။ ဝါဆိုဝါခေါင် ရေကြီးတတ်သော လများတွင် သောက်သုံးရေအရင်းအမြစ်များသို့ မကောင်းသော ရေဆိုး များ ဝင်ရောက်ခြင်းကြောင့် သောက်သုံးရေခက်ခဲမှုရှိပါသည်။

ကင်မွန်းတော်ကျေးရွာတွင် အိမ်ထောင်စု(၃၇၁)စုရှိပြီး၊ယင်လုံအိမ်သာ(၂၅၆)လုံး ရှိပါသည်။ အိမ်ထောင်စု ငယ်များမှာ တဝန်းထဲနေ မိဘများအိမ်တွင် အတူသုံးစွဲကြပြီး၊ တောတဲများတွင် နေထိုင်သူများမှာ အိမ်သာ သုံးစွဲမှုနည်းပါးကြသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာများ ရှိသဖြင့် ကျောင်းသူ/ ကျောင်းသားများအတွက် အသုံးပြုရန်လွယ်ကူပါသည်။

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကင်မွန်းတော်ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ တချို့နှစ်များတွင် သီးနှံအထွက်နည်းခြင်း၊ ဝင်ငွေနည်း ပါးခြင်းတို့ကြောင့် အများအားဖြင့်တွေ့ရှိ ရပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ (၅၂)%ရှိပြီး ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေး လုပ်သားအဖြစ်အဓိကဝင်ရောက် လုပ်ကိုင်ကြ ပါသည်။ အကြွေးတင်ရှိမှုရှိသော အိမ်ထောင်စု အချို့ရှိပြီး ချေးငွေ အများစုကို NGO အဖွဲ့အစည်းများမှ ထုတ်ချေးကြပါသည်။ တောင်သူများမှာလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်နှင့် သမဝါယမ အသင်းတို့မှ

ချေးငွေများချေးယူကြပါသည်။ ချေးငွေများကို စားသုံးရန်၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေး စရိတ်တို့ အတွက် အသုံးပြုကြပါသည်။

အချို့နှစ်များတွင် ရာသီဥတုဖောက်ပြန်မှုကြောင့်လည်း မိုးခေါင်ခြင်းများ ကြုံတွေ့ရပါသည်။ စိုက်ပျိုးမြေ များမှာ ဓါတုဆေးဝါးများလွန်ကဲစွာ သုံးစွဲလာခြင်းကြောင့် မြေဆီလွှာပျက်စီးမှုဖြစ်ခြင်းနှင့် ရာသီအလိုက် တိရစ္ဆာန်ကူးစက်ရောဂါများလည်း ကျရောက်တတ်ပါသည်။ အပူပိုင်းဒေသဖြစ်သောကြောင့် နွေရာသီတွင် မီးဘေးအန္တရာယ်ကျရောက်တတ်ပါသည်။

၉။ ကျား-မ ရေးရာ

ကင်မွန်းတော်ကျေးရွာတွင် ကျား-မရေးရာဆက်နွယ်မှု အနေအထားမှာ ခွဲခြားဆက်ဆံမှုမရှိပါ။ ကျား-မ ဆိုင်ရာ တာဝန်ယူမှုများကို သတ်မှတ်ထားကြပြီး ကျား-မ အကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှု ကိစ္စများ မရှိပါ။ ပညာရေးနှင့် အခြားနယ်ပယ်များတွင်လည်း အခွင့်အရေး တန်းတူညီစွာ ရရှိပြီး အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုလျော့နည်းသော်လည်းအခြားလူမှုရေးအသင်းအဖွဲ့များတွင်အမျိုးသမီး များ ပါဝင်လုပ်ကိုင်ကြပါသည်။ ကျား-မ တန်းတူ ညီမှုနှင့်ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းအားဖြင့် ကျား-မတန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်စေနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက် သင့်သည့် လုပ်ငန်း ခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သားအုပ်စု (၅) စု၊ (က)ရပ်မိရပ်ဖအုပ်စု၊(ခ)တောင်သူအုပ်စု၊ (ဂ)စိုက်ပျိုးမွေးမြူရေး မဟုတ်သောအုပ်စု၊ (ဃ)အမျိုးသမီး အုပ်စု၊(င)လူငယ်အုပ်စု စသည့်အုပ်စု(၅)စုမှ စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ၊အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

စီမံချက်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ (၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	ရမှတ်ပေါင်း	ဦးစားပေးအဆင့်
၁။ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁၀	၁၀	၁၀	၁၀	၉	၄၉	၁
၂။ ကုန်ထုတ်လမ်း	၁၀	၁၀	၉	၉	၉	၄၇	၂
၃။ ရေဆိုးထုတ်မြောင်း	၁၀	၁၀	၈	၇	၉	၄၄	၃
၄။ မီးသတ်ကား	၁၀	၈	၁၀	၇	၇	၄၂	၄
၅။ရွာတွင်းလမ်းများပြုပြင်ရန်	၈	၁၀	၅	၇	၁၀	၄၀	၅

(ခ) ကင်မွန်းတော်ကျေးရွာအုပ်စု၊ ကင်မွန်းတော်ကျေးရွာအကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံကိန်း	**ဦးစားပေးအဆင့်**	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၁	✔	✔	-	-	-
၂။ ကုန်ထုတ်လမ်း	၂	-	✔	-	-	-
၃။ ရေဆိုးထုတ်မြောင်း	၃	-	-	✔	-	-
၄။ မီးသတ်ကား	၄	-	-	-	✔	-
၅။ရွာတွင်းလမ်းများပြုပြင်ရန်	၅	-	-	-	-	✔

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ကင်မွန်းတော်ကျေးရွာအုပ်စု၊ ကင်မွန်းတော်ကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း များ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ကျေးရွာ	ကျေးရွာတွင်းလမ်းသည်	ကျေးရွာသူ / သား	ကျေးရွာတွင်	ကျေးရွာတွင်းလမ်းအား	ကျေးရွာရွာတွင်းလမ်းအား
	ရွာတွင်းလမ်း	မြေသားလမ်းဖြစ်၍ မိုးရာသီတွင်	များစုပေါင်း၍လုပ်ငန်း	လုံလောက်ေ	မြေသားလမ်း အဖြစ်မှ	ကွန်ကရစ်လမ်းခင်းခြင်း
	ပျက်စီးခြင်း	ရွံ့စေးရွံ့ဗွက်များထူထပ်ခြင်း	အတွက် လိုအပ်သော	မတည်ရန်ပုံငွေ	အဆင့်မြှင့်တင်ခြင်း	
		ကြောင့် ကျေးရွာသူ/သားများနှင့်	လုပ်အားနှင့်ငွေကြေး	မရှိခြင်း။		
		ကျောင်းသူကျောင်းသားများ	ပူးပေါင်းပါဝင်			
		သွားလာရခက်ခဲခြင်း	ဆောင်ရွက်နိုင်ခြင်း။			
၂	ကျေးရွာကုန်	ကျေးရွာ၏ စိုက်ပျိုးသီးနှံ	ကျေးရွာသူ / သား	ကျေးရွာတွင်	ကုန်ထုတ်လမ်းအား	ကျေးရွာရှိ ကုန်ထုတ်

					အဆင့်မြှင့်	
	ထုတ်လမ်းပျက်	များ သယ်ယူရသော လမ်း	များ စုပေါင်း၍	လုံလောက်ေော	တင်ခြင်း။	လမ်းအား ဂျင်းခင်း
	စီးခြင်း	မှာ မြေသားလမ်းဖြစ်၍	လုပ်ငန်း အတွက်	မတည်ရန်ပုံငွေ		ခြင်း။
		ရွံ့ဗွက်များ ထူထပ်ခြင်း	လိုအပ်သောလုပ်အာား	မရှိခြင်း။		
		ကြောင့် သွားလာရခက်ခဲ	နှင့် ငွေကြေးပူးပေါင်း			
		ခြင်း။	ပါဝင် ဆောင်ရွက်နိုင်			
			ခြင်း။			

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ကင်မွန်းတော်ကျေးရွာအုပ်စု၊ ကင်မွန်းတော်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ

၃	ကျေးရွာတွင်ရေဆိုးများ	ကျေးရွာအတွင်းရှိ အသုံး	ကျေးရွာသူ၊ ကျေးရွာ	မတည်ရန်ပုံငွေ	ကျေးရွာအတွင်း	ကျေးရွာအတွင်း
	ရှိခြင်းကြောင့် ကျန်းမာ	ပြုသော ရေတွင်းများမှ	သားများ ပူးပေါင်း	မရှိခြင်း။	ရေဆိုးမြောင်း	ရေဆိုးမြောင်း
	ရေးထိခိုက်စေနိုင်ခြင်း	ချိုးရေ၊ သုံးရေများ ရေဆိုး	ပါဝင်နိုင်ခြင်း။		တူးဖော်ခြင်း။	တူးဖော်ခြင်း
		အဖြစ် တည်ရှိခြင်းကြောင့်				
		ခြင်ပေါက်ပွားသဖြင့်				
		ကျန်းမာရေးထိခိုက်ခြင်း။				
၄	ကျေးရွာတွင် မီးဘေး	ပူပြင်းခြောက်သွေ့သော	ကျေးရွာသူ / သား	မတည်ရန်ပုံငွေ	ကျေးရွာပိုင်	ကျေးရွာပိုင်
	အန္တရာယ်ကျရောက်	နွေရာသီတွင် ကျေးရွာတွင်	များ စုပေါင်း၍	မရှိခြင်း။	မီးသတ်ကား	မီးသတ်ကား
	တတ်ခြင်း	မီးလောင်မှုများ မကြာခဏ	လုပ်ငန်း အတွက်		ထူထောင်ခြင်း။	ထူထောင်ခြင်း။
		ကျရောက်တတ်သောကြေ	လိုအပ်သောလုပ်အား			
		ောင့်				
		မီးဘေးအန္တရာယ် စိုးရိမ်ရ	နှင့် ငွေကြေးပူးပေါင်း			
		ခြင်း။	ပါဝင် ဆောင်ရွက်နိုင်			
			ခြင်း။			

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ကင်မွန်းတော်ကျေးရွာအုပ်စု၊ ကင်မွန်းတော်ကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန
၅	ကျေးရွာ	ကျေးရွာတွင်းလမ်းသွယ်များသည်	ကျေးရွာသူ / သား	ကျေးရွာတွင်	ကျေးရွာတွင်း	ကျေးရွာရွာတွင်းလမ်းသွယ်
	ရွာတွင်းလမ်းသွယ်များ	မြေသားလမ်းဖြစ်၍မိုးရာသီတွင်	များစုပေါင်း၍လုပ်ငန်း	လုံလောက်သော	လမ်းသွယ်များအား	ကွန်ကရစ်လမ်းခင်းခြင်း
	ပျက်စီးခြင်း	ရွံ့စေးရွံ့ဗွက်များထူထပ်ခြင်း	အတွက် လိုအပ်သော	မတည်ရန်ပုံငွေ	မြေသားလမ်းအဖြစ်မှ	
		နွေရာသီတွင်ဖုန်ကျင်းထူထပ်ခြင်း	လုပ်အားနှင့်ငွေကြေး	မရှိခြင်း။	အဆင့်မြှင့်တင်ခြင်း	
		ကြောင့် ကျေးရွာသူ/သားများနှင့်	ပူးပေါင်းပါဝင်			
		သွားလာရခက်ခဲခြင်း	ဆောင်ရွက်နိုင်ခြင်း။			

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ကင်မွန်းတော်ကျေးရွာ
ကျေးရွာအုပ်စု	- ကင်မွန်းတော်ကျေးရွာအုပ်စု
မြို့နယ်	- ချောင်းဦးမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- စစ်ကိုင်းတိုင်းဒေသကြီး

စီမံချက်အမည် - ကျေးရွာ ရွာတွင်းလမ်းကွန်ကရစ်ဘီလမ်းခင်းခြင်း၂×(၁၆၀၀'-၀"×၃'-၀"×၀'-၆")

စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ

- လက်ရှိကျေးရွာ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပါသည်။
- မိုးရာသီတွင် ရွံ့စေး၊ရွံ့ဗွက်များကြောင့် သွားလာရေးခက်ခဲနေပါသည်။
- မိုးရာသီတွင် ပညာသင်ကြားနေကြသော ကျောင်းသားသူများ၏ ကျောင်းသွားရာတွင် ခက်ခဲခြင်း၊
- ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ခက်ခဲစွာ

ဝင်ထွက်သွားလာနေရခြင်း။

- မိုးရာသီတွင် စိုက်ပျိုးသီးနှံများသယ်ယူပို့ဆောင်ရာ၌ ကား/ထော်လာကျီများ သွားလာရာတွင် ခက်ခဲနေပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)

- မိုးရာသီတွင်သာမက ရာသီမရွေး ကျေးရွာတွင်းသွားလာရလွယ်ကူစေရန်။
- မိုးရာသီတွင်လည်း စိုက်ပျိုးသီးနှံများအားစျေးကွက်သို့အချိန်မီသယ်ယူရောင်းချနိုင်မည်ဖြစ်၍ သီးနှံစျေးကွက်နောက်ကျခြင်းများမရှိစေရန်။
- ပညာသင်ကြားနေကြသောကျောင်းသားသူများ၏ကျောင်းသွားရာတွင် အခက်အခဲများမရှိစေခြင်းဖြင့် ပညာရေးနှောင့်နှေးမှုမရှိစေရန်။
- ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ရာသီမရွေးသွားလာနိုင်ရန်။

မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိရလာမည့်အကျိုးကျေးဇူးများ)

- လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ပါသဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)

- ကျေးရွာ ရွာတွင်းလမ်းအားကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ၂×(၁၆၀၀'-၀"×၃'-၀"×၀'-၆") ဆောင်ရွက်ပါမည်။
- လုပ်ငန်းခန့်မှန်းကုန်ကျငွေကျပ်(၁၆၂၅၀၀၀၀/-) ဖြစ်ပါသည်။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀/- (ငွေသား) • ၆၂၅၀၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၈၉၃	၉၄၁	**၁၈၃၄**	၈	၈၂	၈၇	၁၉၄	**၃၇၁**
အကျိုးခံစားမည့်သူဦးရေ	၈၉၃	၉၄၁	**၁၈၃၄**	၈	၈၂	၈၇	၁၉၄	**၃၇၁**
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁)တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂)စီမံချက်စတင်မည့်အချိန် ခန့်မှန်း - ၂၀၁၉၊ဧန်နဝါရီ

(၃)စီမံချက်ပြီးစီးမည့်အချိန် -

(၄)ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် -

ကွန်ကရစ်ဘီးလမ်းခင်းခြင်း ၂×(၁၆၀၀'-၀"×၃'-၀"×၀'-၆")လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ (၁၆၂၅၀၀၀၀/-) တွင် ကျေးရွာပြည်သူလူထုမှာ ငွေကျပ်(၆၂၅၀၀၀၀/-) ပူးပေါင်းပါဝင်ဆောင်ရွက်ပါမည်။

(၅)လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက် ကျေးရွာလိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။
- ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လမ်းအသုံးပြုခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များ ထုတ်ပြန်ပါမည်။
- စီမံကိန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာဦးစီးဌာနထံသို့ အထောက်အထားများနှင့်အတူတကွ ပြီးစီးကြောင်း အစီရင်ခံပါမည်။

ကင်မွန်းတော်ကျေးရွာ၊ ကင်မွန်းတော်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစိုးမင်းသန်း	ဦးအောင်ဆန်း	၅/ခဥတ(နိုင်)၀၆၁၁၀၇	၃၇	ဥက္ကဋ္ဌ	၀၉- ၄၄၅၅၁၀၇၀၄
၂	ဦးအုံမောင်	ဦးတင်ညွန့်	၅/ခဥတ(နိုင်)၀၇၁၃၉၇	၆၃	အတွင်းရေးမှူး	၀၉-၄၅၂၂၃၆၈၇၅
၃	ဦးသိန်းတိုး	ဦးလှရွှေ	၅/ခဥတ(နိုင်)၀၅၉၀၁၄	၄၀	ဘဏ္ဍာရေးမှူး	-
၄	ဦးရန်နောင်	ဦးအောင်ဆန်း	၅/ခဥတ(နိုင်)၀၈၆၇၄၇	၂၂	စာရင်းကိုင်	၀၉- ၄၄၀၁၀၅၉၇၇
၅	ဦးလုံး	ဦးထွန်းမြ	၅/ခဥတ(နိုင်)၀၂၅၂၀၄	၅၈	သော့ကိုင်(၁)	-
၆	ဦးမင်းထက်	ဦးလှသောင်း	၅/ခဥတ(နိုင်)၀၇၀၀၂၂	၃၈	သော့ကိုင်(၂)	-
၇	ဦးကျော်ဆွေ	ဦးမြသိန်း	၅/ခဥတ(နိုင်)၀၈၅၃၁၀	၃၉	အဖွဲ့ဝင်	-
၈	ဦးမင်းလွင်	ဦးမှတ်တင်	၅/ခဥတ(နိုင်)၀၂၄၇၁၇	၄၂	အဖွဲ့ဝင်	၀၉- ၄၅၉၆၂၀၈၂၈
၉	ဦးနိုင်ဝင်း	ဦးခင်မောင်	၅/ခဥတ(နိုင်)၀၇၁၃၉၀	၄၁	အဖွဲ့ဝင်	၀၉- ၄၀၃၀၁၉၄၅၉
၁၀	ဒေါ်အေးသင်း	ဦးဆောင်	၅/ခဥတ(နိုင်)၀၂၄၉၄၇	၅၈	အဖွဲ့ဝင်	၀၉-

						၇၉၁၈၉၁၂၁၇
၁၁	ဒေါ်စန်းလင်း	ဦးထွန်းရ	၅/ခဥတ(နိုင်)၀၂၄၇၉၇	၄၈	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၉	၄	၁၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၅၀	၄၈	၉၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၈၁	၆၇	၁၄၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၄	၅၃	၁၀၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၅၇	၆၉၄	၁၃၅၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄၂	၇၅	၁၁၇
စုစုပေါင်း		**၈၉၃**	**၉၄၁**	**၁၈၃၄**
စုစုပေါင်း အိမ်ထောင်စု		၃၇၁		

ရင်းမြစ်....(၁)အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကင်မွန်းတော်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၇၁)စု ရှိပြီး လူဦးရေစုစုပေါင်း (၁၈၃၄)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၁၃၅၁)ယောက်ရှိပြီး ၊ အလုပ်မလုပ်နိုင်သော ကလေးသူငယ်များနှင့် သက်ကြီးရွယ်ကြီးဦးရေမှာ (၂၂၈)ယောက် ရှိပြီး ကျောင်းနေအရွယ် ဦးရေမှာ (၂၅၅)ယောက် ရှိပါသည်။

(၂) သဘာဝအရင်းအမြစ် နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့်ရေအရင်းအမြစ်များ

ဇယား(၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/ မရ/ အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်းစသည်)
လယ်မြေ	၆၃၆.၉၈	သင့်	ရ	မြေအောက်ရေ
ယာမြေ	-	-	-	-
ဥယျာဉ်ခြံမြေ	၇.၂၀	သင့်	ရ	မြေအောက်ရေ
အိမ်ခြံဝင်း	-	-	-	-

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/ မရ/ အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်းစသည်)
စိုက်ခင်း				
ကိုင်း/ကျွန်းမြေ	–	–	–	–
စားကျက်မြေ	–	–	–	–
ပလပ်မြေ	–	–	–	–
သစ်တောမြေ	–	–	–	–
စုစုပေါင်း	၆၄၄.၁၈	–	–	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ ရရှိသည့် အရင်းအမြစ်အမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကင်မွန်းတော်ကျေးရွာတွင် စိုက်ပျိုးမြေဧကပေါင်း (၆၄၄.၁၈)ရှိပြီး မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။စိုက်ပျိုးရေ ရရှိမှုမှာ မြေအောက် အဝီစိရေကို နွေ၊မိုး၊ဆောင်း ရေစုပ်စက်များဖြင့် ရရှိအသုံးပြုနိုင်ပါသည်။ စိုက်ပျိုးရေးအတွက် မြေအောက်ရေ ကိုသာ အဓိကထား အသုံးပြုရပါသည်။

2.2 ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓာတ်ငွေ့၊ ရေနံ)	–	–
ဓါတ်သတ္တု (ကျောက်မျက်၊ သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ)စသည့်	–	–
အခြားသဘာဝအရင်းအမြစ်	–	–
တိရစ္ဆာန်မျိုးစိတ်များ	–	–
အပင်မျိုးစိတ်များ (လူ၊ တိရစ္ဆာန်တို့အတွက်အသုံးဝင်သော)	–	–
ပျမ်းမျှအပူချိန် –30°C–40°C	ပျမ်းမျှမိုးရေချိန်– လက်မ ၃၀ – လက်မ ၄၀	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကင်မွန်းတော်ကျေးရွာတွင် ဓာတ်သတ္တုနှင့်

အခြားသဘာဝ အရင်းအမြစ်များ မရရှိပါ။ ကျောက်၊ သဲများကို နီးစပ်ရာအရင်းအမြစ်များမှ အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။

(၃)ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၈ယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	မြင့်မြတ်မေတ္တာ	၁□ ၂Â ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာ၏ ကျန်းမာရေး ဝန်ဆောင်မှု ပေးသော အဖွဲ့
၂	လူငယ်အဖွဲ့	၁□ ၂Â ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာ၏ သာရေး၊နာရေး၊ လူမှုကိစ္စများတွင် အထောက်အကူပြုသော အဖွဲ့
၃	ဓမ္မစကူးလ်	၁□ ၂□ ၃Â	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာ၏ ဘာသာရေး၊ယဉ်ကျေးမှု အသိပညာများ အထောက်အကူပြု သောအဖွဲ့
၄	မီးသတ်	၁□ ၂Â ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကျေးရွာတွင်း လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်စောင့် ရှောက်ရေးအဖွဲ့
၅	ဂေါပကအဖွဲ့	၁□ ၂□ ၃ Â	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာ၏ဘုရားပွဲ၊ကျောင်းပွဲများ တွင် ဦးဆောင်သောအဖွဲ့
၆	အမျိုးသမီးအဖွဲ့	၁□ ၂Â ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာ၏ အလှူ၊မင်္ဂလာဧည့်ခံ ပွဲများတွင် ဧည့်ခံကျွေးမွေးရေး ဆောင်ရွက်ပေးသောအဖွဲ့

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကင်မွန်းတော်ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း (၆)ဖွဲ့ရှိပါသည်။ အဖွဲ့အစည်းများကို ကဏ္ဍစုံပါဝင်အောင် ဖွဲ့စည်းထားပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၃ဧက	၃ဧက-၇ဧက	၂.၅ဧကအောက်	မရှိ
အိမ်အခြေအနေ	နှစ်ထပ်တိုက်	ပျဉ်ထောင်/သွပ်မိုး	သွပ်မိုးကပ်ကာ	သွပ်မိုးကပ်ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်ကြီး/ကွန်ဒေါင်း	ကွန်ဒေါင်း	ရေစုပ်စက်	မရှိ
အိမ်ကစီးပွားရေး လုပ်ငန်း	တောင်သူကြီး	တောင်သူလတ်/ စျေးသည်	တောင်သူငယ်/ အလုပ်သမား	ကျပန်း
အိမ်ထောင်စု	၈	၈၂	၈၇	၁၉၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကင်မွန်းတော် ကျေးရွာအိမ်ထောင်စုပေါင်း(၃၇၁) စု ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စု(၃%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၂၂%)၊ မပြေလည်သော အိမ်ထောင်စု(၂၃%) နှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၅၂%)ရှိပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုမှာ မြေယာမဲ့ဖြစ်ပြီး လက်လုပ်လက်စားများသာ ဖြစ်ကြပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု (%)	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၉၄	၅၂%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်(၁ဟတ် တာထိ)	၈၇	၂၃%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား(၂ ဟတ်တာထိ)	၃၄	၉%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား (၅ ဟတ်တာထိ)	၅၅	၁၄%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧက အထက် (၅ ဟတ်တာနှင့်အထက်)	၂	၂%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၃၇၁	၁၀၀%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမား အုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကင်မွန်းတော်ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု(၅၂%)၊ ဆင်းရဲသားတောင်သူ အိမ်ထောင်စု(၂၃%)၊ အလယ်အလတ်ရှိသော တောင်သူ အိမ်ထောင်စု (၂၃%) နှင့် အဆင်ပြေသော အိမ်ထောင်စု(၂%)ရှိပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိနိုင်မှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၅၃၀	တင်း	၄၀	၈၀	၆၀	ကုန်ကျစရိတ်များသောကြောင့် အမြတ်နည်း။
ကုလားပဲ	၃၀၀	တင်း	၈	၂၀	၁၄	ဈေးကွက်မကောင်းသောကြောင့်အမြတ်နည်း။
ဂျုံ	၂၀၀	တင်း	၂၀	၄၀	၃၀	ဈေးကွက်မကောင်းသောကြောင့်အမြတ်နည်း။

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိနိုင်မှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
ပဲတီစိမ်း	၃၂၀	တင်း	၁၀	၂၀	၁၅	စျေးကွက်ရရှိ၍ အမြတ်ကျန်။
နှမ်း	၁၅၀	တင်း	၄	၁၀	၇	အထွက်နှုန်းမကောင်းသောကြောင့် အမြတ်နည်း။
ခရမ်းချဉ်	၅၅	ဝိဿာ	၃၀၀၀	၉၀၀၀	၆၀၀၀	စျေးကွက်ကောင်းပါက အမြတ်အစွန်းများများရရှိပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် အဓိက စိုက်ပျိုးသီးနှံမှာ (၆)မျိုးရှိပါသည်။ တောင်သူများသည် ရာသီဥတုနှင့် စျေးကွက်ရရှိမှုကောင်းပါက အကျိုးအမြတ်ရရှိပါသည်။ကျေးရွာရှိ မြေယာအများစုမှာ မြေဆီလွှာအသင့်တင့် သာ ကောင်းမွန်သောကြောင့် အထွက်နှုန်းလျော့ကျခြင်း၊ သဘာဝပိုးမွှားများကျရောက်ခြင်း၊ စိုက်ပျိုးရေး အသုံးစရိတ်များ များပြားခြင်း၊စျေးကွက်လျော့ကျခြင်းများကြောင့် အကျိုးအမြတ် ရရှိမှုနည်းပါးကြသည်။ အချို့နှစ်များတွင်လည်း မိုးလေဝသမမှန်ခြင်းကြောင့် သီးနှံများပျက်စီး ဆုံးရှုံးရသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၄၆	၃၃၅
နို့စားနွား	-	-
ကျွဲ	၅	၁၁
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဝက်	၅	၇
ကြက်	၃	၁၆
ဘဲ	၁	၁
နွားနောက်	-	-
ငါးလုပ်ငန်း	-	-
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် နွားများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ခိုင်းစေရန် အဓိကထားမွေးမြူကြသည်။ ဝက်၊ကြက်၊ဘဲ များကို တပိုင်တနိုင် မွေးမြူရေး လုပ်ငန်းအနေဖြင့် အနည်းငယ်သာ မွေးမြူကြသည်။

(၄.၄) စိုက်ပျိုးရေးနှင့် မွေးမြူရေးမဟုတ်သောလုပ်ငန်းများကဏ္ဍ

ဇယား (၉) စိုက်ပျိုးရေးနှင့် မွေးမြူရေးမဟုတ်သောလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွ	ဝန်ထမ်း/ အလုပ်သမား	မိသားစုဝင်	ရပ်တည်နိုင်မှု (နိမ့်/လတ်/မြင့်)နှင့်

		က်	အရေအတွက်	လုပ်အား	ရှင်းလင်းဖော်ပြချက်
1	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-
2	ထုတ်ကုန်လုပ်ငန်း	-	-	-	-
3	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး	-	-	-	-
4	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၁၅	-	၁၅	နိမ့်
5	ယာဉ်၊ စက်ကိရိယာနှင့် အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	-	-	-	-
6	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	-	-	-	-
7	လက်လီ- လက်ကား ရောင်းဝယ်ရေး	၂၇	-	၂၇	နိမ့်
8	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	-
9	ပို့ဆောင်ရေး၊ သိုလှောင်ရေး	-	-	-	-
10	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)	-	-	-	-
11	အိမ်ခြံမြေရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
12	ပညာရေး	၈	-	၈	လတ်
13	ကျန်းမာရေး	၄	-	၅	လတ်

14	လူမှုရေး လုပ်ငန်းများ	၁	-	၁	နိမ့်
15	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	-	-	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ်.....ဦးတည်အုပ်စုဆွေးနွေးခြင်း_ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာမှာ လက်သမား၊ပန်းရံ၊ အိမ်ထောင်စု (၁၉)စု ရှိပြီး၊ မိသားစုဝင်လုပ်အားမှာ (၁၉)ဦးရှိပါသည်။ လက်လီလက္ကားရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု (၂၇)စု ရှိပြီး ပညာရေးဝန်ထမ်း(၈)ဦးနှင့် ကျန်းမာရေးဝန်ထမ်း(၄)ဦးရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား(၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	**အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)**	**အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)**
ဈေးအမည် (မြို့/ ရွာ)		
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် Â ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် Â ၁၁ မှ ၂၀ မိုင် ☐ ၂၀ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက်☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် Â ကား/ထော်လာကျီ Â ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် Â ကား/ထော်လာကျီ Â ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာ မှ(၃/၄)မိုင် ကွာဝေးသော အနီးဆုံးဈေး ချောင်းဦးဈေး သို့ သွားရောက် ဝယ်ယူကြပြီး အကြီးစားဈေးကွက် မုံရွာမြို့သို့ သွားရောက်ဝယ်ယူကြပါသည်။ ဈေးကွက်

ဝန်ဆောင်မှုမှာ ကောင်းမွန်ပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား(၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁ Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ Â	ပွင့်လင်း ရာသီ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် Â ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁ Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် Â ညံ့ □	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံး Â	၀-၁ မိုင် Â ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁ Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ Â	ပွင့်လင်း ရာသီ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် Â ၅-၁၀ မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး မိုးတွင်း၌ ရွံ့ဗွက်များဖြစ်ခြင်း၊ နွေရာသီ၌ ဖုန်ကျင်းများထူထပ်ခြင်းကြောင့် သီးနှံများရောင်းချရာတွင် အခက်အခဲဖြစ်ခြင်း၊ ကျောင်းသား/ကျောင်းသူများ သွားလာရာတွင် ခက်ခဲခြင်းများဖြစ်ရပါသည်။ ချင်းကပ်လမ်းမှာ အသင့်အတင့် ကောင်းမွန်ပြီး ရွာချင်းဆက်လမ်းမှာ မိုးတွင်း၌ သွားလာရခက်ခဲပါသည်။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	အနီးဆုံးမြို့နှင့် အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □

သယ်ယူပို့ဆောင်ရေး	အနီးဆုံးမြို့နှင့် အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
	၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ Â	
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ Â	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □

မှတ်ချက်။ ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် မြစ်ကြောင်း ပင်လယ်ရေကြောင်း မရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ ၅ ဝ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၂၃၄	၄၁၀	၄	၁၇	၁၁	-	၇၆

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် မော်တော်ဆိုင်ကယ် အသုံးပြုသူများပြားပြီး စက်ဘီးအသုံးပြုသူ အချို့နှင့် ထော်လာကျီ ပိုင်ရှင်တစ်ချို့ရှိပါသည်။ စိုက်ပျိုးရေး အဓိက ကျေးရွာ ဖြစ်သောကြောင့် နွားလှည်းလည်း အသုံးပြုသူ အိမ်ထောင်စုများလည်းရှိပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၇၃
ဆိုလာစနစ်	၁၃၆
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၆၂

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် မဟာဓါတ်အားလိုင်းရောက်ရှိပြီ ဖြစ်သော်လည်း သုံးစွဲနိုင်သော အိမ်ထောင်စုမှာ (၁၇၃)စု၊ ဆိုတာသုံးစွဲသောအိမ်ထောင်စု မှာ (၁၃၆)စုရှိပါသည်။ အသုံးမပြု နိုင်သော အိမ်ထောင်စုမှာ (၆၂)စုရှိပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား(၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၇၁၇	၂၁၁	၁၅၃

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် ဆက်သွယ်ရေးလိုင်းကောင်းမွန်သောကြောင့် ဖုန်းအသုံးပြု သူဦးရေ များပြားပါသည်။သတင်းအချက်အလက်ရရှိစေရန်အတွက်ဖုန်း၊ရေဒီယိုနှင့်တီဗွီ အသုံးပြု သူများလည်း ရှိပါသည်။

၆. ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား(၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၇၈	၆၁	၁၃၉
အလယ်တန်း	၅၀	၄၆	၉၆
အထက်တန်း	၁၈	၂၄	၄၂
တက္ကသိုလ်/ကောလိပ်	၇	၁၂	၁၉

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင်"ဘုန်းကြီးကျောင်းသင်ပညာရေး"ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/ သားများ ကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့် အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် လက်ရှိမူလတန်းပညာသင်ကြားနေသူ (၁၃၉)ယောက်၊ အလယ်တန်း ပညာသင်ကြားနေသူ (၉၆)ယောက်၊ အထက်တန်းပညာသင်ကြားနေသူ (၄၂) ယောက် နှင့်တက္ကသိုလ်၊ ကောလိပ်ပညာသင်ကြားနေသူ(၁၉)ယောက်ရှိပါသည်။ ပညာရေးအသိပညာအားနည်းမှု၊ စီးပွားရေးမပြေလည်မှုများကြောင့်အထက်တန်း၊တက္ကသိုလ်၊ကောလိပ်ကျောင်းများသို့ တက်ရောက်သူ နည်းပါး ပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား(၁၇) စာသင်ကျောင်းဆောင် အခြေအနေ နှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း Â အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း Â	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် Â ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် Â ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐

အကြောင်းအရာ	(၁)			(၂)			(၃)		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် Â စက်ဘီး Â ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် Â ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၉၅၄၀ စတုရန်းပေ			-			-		
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့် Â ညံ့□			ကောင်း□ သင့်□ ညံ့□			ကောင်း□ သင့်□ ညံ့□		
စ။ ကျောင်းသုံး ပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည် □ မလုံလောက်ပါ Â			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် Â ညံ့ □ မရှိ □			ကောင်း □ သင့်□ ညံ့ □ မရှိ □			ကောင်း □ သင့်□ ညံ့ □ မရှိ □		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ Â			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □		
၏။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၂	၁၀	၁၂						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် အလယ်တန်းကျောင်းသာရှိပြီးအထက်တန်းကျောင်းသူ ကျောင်းသားများမှာအနီးရှိ ချောင်းဦးမြို့သို့ သွားရောက်တက်ရောက်ကြပါသည်။ ကျောင်းဆောင်(၃)ဆောင် ရှိပြီး ဆရာ၊ဆရာမ အင်အား မမျှတသည်ကိုတွေ့ရပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား(၁၈) အဖြစ်များသော ရောဂါများ

#	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောမြင့်□	*နိမ့်* Â	*မရှိ*□	
၂	သွေးလွန်တုပ်ကွေးမြင့်□	*နိမ့်* Â	*မရှိ*□	
၃	ငှက်ဖျားမြင့်□	*နိမ့်*□	*မရှိ* Â	
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါမြင့်□	*နိမ့်*□	*မရှိ* Â	
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများမြင့်□	*နိမ့်*□	*မရှိ* Â	
၆	တီဘီမြင့်□	*နိမ့်* Â	*မရှိ* □	

#	ရောဂါ	ပုံနှိပ်မှု/ဖြစ်ပွားမှု		
၇	ဆီးချို	မြင့်□	နိမ့် Â	မရှိ□
၈	သွေးတိုး	မြင့် Â	နိမ့်□	မရှိ□
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□	နိမ့် Â	မရှိ□
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□	နိမ့်□	မရှိ Â
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□	နိမ့်□	မရှိ Â

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် ရာသီအလိုက် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ရာသီတုပ်ကွေးနှင့်သွေးလွန်တုပ်ကွေး ရောဂါများ ဖြစ်လေ့ရှိကြောင်း တွေ့ရှိရပါသည်။ လူလတ်ပိုင်းနှင့် လူကြီးပိုင်းများမှာ သွေးတိုးရောဂါကို တစ်နှစ်ထက် တစ်နှစ် ပိုမို ဖြစ်ပွားနေကြောင်းလည်း တွေ့ရှိရပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	ရှိ	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	ရှိ	
၃	ပိုလီယိုရောဂါ	ရှိ	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	ရှိ	
၅	ဝက်သက်ရောဂါ	ရှိ	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	ရှိ	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	ရှိ	
၈	အာဟာရ ပညာပေး အစီအစဉ်	ရှိ	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမှ အထက်ပါ ရောဂါများ ကာကွယ်ရေးအတွက် လစဉ်ကာကွယ်ဆေးထိုးပေးကြောင်း တွေ့ရှိရပါသည်။

(7.3) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား(၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် Â ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ □ မရှိ Â
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ □ မရှိ □
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် Â ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ □ မရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ကျေးရွာသူ/သားများ ကျန်းမာရေးအရေးပေါ်အခြေအနေဖြစ်ပါက ချောင်းဦးမြို့နယ် ဆေးရုံသို့ တက်ရောက် ကုသကြပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား(၂၁) သောက်သုံးရေရရှိမှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက် မှု (နွေ၊ မိုး၊ ဆောင်း)
ရေတွင်း	-	ကောင်း□ သင့်□ ညံ့□	
အဝိစိတွင်း/ စက်တပ်	၁၅၀	ကောင်း □ သင့် Â ညံ့□	
အဝိစိတွင်း/ တုံကင်	၉၃	ကောင်း □ သင့် Â ညံ့□	
မိုးရေ သိုလှောင်ကန်	၁၃	ကောင်း□ သင့် Â ညံ့□	

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက် မှု (နွေ၊ မိုး၊ ဆောင်း)
မြစ်/ချောင်းရေ	-	ကောင်း□ သင့်□ ညံ့□	
ရေကန်	-	ကောင်း□ သင့်□ ညံ့□	
စိမ့်စမ်းရေ	-	ကောင်း□ သင့်□ ညံ့□	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် ချက်ပြုတ်ရေနှင့် သောက်သုံးရေအတွက် မြေအောက်အဝီစိစက်တပ်/ တုံကင် တွင်းများ မှ အသုံးပြုကြပါသည်။ ရာသီမရွေးအသုံးပြုနိုင်ပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	-
ရေလောင်း/ယင်လုံအိမ်သာ	၂၅၆
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	-
တွင်းမရှိ အိမ်သာ	-
အိမ်သာမရှိ	၁၁၅

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃)ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် ယင်လုံအိမ်သာ စုစုပေါင်း(၂၅၆)လုံးရှိပြီး အိမ်ထောင်ငယ်များမှာ တဝန်းထဲနေ မိဘများအိမ်တွင် အတူသုံးစွဲကြပြီး တောတဲများတွင် နေသူများမှာ အိမ်သာသုံးစွဲမှု နည်းပါးကြသည်။

(၈). ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား(၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	အသင့်တင့်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	-
၃	ရေကြီးခြင်း	-
၄	မိုးခေါင်ခြင်း	ရှိ
၅	အအေးလွန်ကဲခြင်း	-
၆	မုန်တိုင်း	-
၇	ငလျင်	-
၈	မီးဘေး	အသင့်တင့်
၉	ဆားငန်ရေဝင်မြေ	-
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	-
၁၁	သစ်တောပြုန်းတီးခြင်း	-
၁၂	ငှက်ဖျားရောဂါ	-
၁၃	တီဘီရောဂါ	-
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	-
၁၅	ပြည်တွင်း ပဋိပက္ခ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	အသင့်တင့်
၁၇	လူကုန်ကူးခြင်း	-
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံမှုမှာ တချို့နှစ်များတွင် သီးနှံအထွက်နည်းခြင်း၊ ဝင်ငွေနည်းပါးခြင်းတို့ကြောင့် စားနပ်ရိက္ခာမဖူလုံမှုများ ကြုံတွေ့ရပါသည်။ တစ်ချို့နှစ်များတွင်ရာသီဥတုဖောက်ပြန်မှုကြောင့်လည်း မိုးခေါင်ခြင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ ဓိုက်ပျိုးမြေများ မှာ ဓာတုဆေးဝါးများ လွန်ကဲစွာသုံးစွဲခြင်းကြောင့် မြေဆီလွှာများပျက်စီးမှုဖြစ်ခြင်းနှင့် ရာသီအလိုက် တိရစ္ဆာန် ကူးစက်ရောဂါများလည်းကျရောက်တတ်ပါသည်။အပူပိုင်းဒေသဖြစ်သောကြောင့်နွေရာသီတွင်မီးဘေးအန္တရာယ် ကျရောက်တတ်ပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များအခြေအနေ

အခြေအနေ	အန္တရာယ်ရှိမှု (နိမ့်၊ လတ်၊ မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	လတ်	ဓါတုဆေးဝါးများလွန်ကဲစွာသုံးစွဲခြင်း။

အခြေအနေ	အန္တရာယ်ရှိမှု (နိမ့်၊ လတ်၊ မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
အပင်မျိုးစိတ်များ	လတ်	ပိုးမွှားများကျရောက်ခြင်း။
ရေအရင်းအမြစ်	နိမ့်	ရေရရှိမှုလွယ်ကူပါသည်။
ငါးမျိုးကွဲများ	-	-
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာတွင် စိုက်ပျိုးမြေဆီလွှာပျက်စီးမှု တွေ့ရှိရပါသည်။ အပင်မျိုးစိတ်များမှာလည်း ပိုးမွှားများကျရောက်သောကြောင့် ပျက်စီးမှုရှိပါသည်။ ရေရရှိမှုမှာလွယ်ကူပါသည်။

(၁၀) ကျား - မ ရေးရာ

ဇယား(၂၅) ကျား- မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* □	*မရှိ* Â
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* Â	*မရှိ* □

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကင်မွန်းတော်ကျေးရွာရှိ အမျိုးသမီးများသည် အုပ်ချုပ်မှုစီမံခန့်ခွဲရေးအဝိုင်းတွင် ပါဝင်ဆောင်ရွက်မှုမရှိသော်လည်း ရပ်ရေးရွာရေးအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ကြပါသည်။